CHANT CHAN
Design & Books

နွေသစ်ငြိမ်း

မျက်ရည်ဆိုင်



လိမ့်နေတဲ့ အနက်ရောင် ဘောလုံးလေးတစ်လုံး

မှောင်နေတဲ့ ဘက်ခြမ်းမှာ လိမ့်နေတဲ့
အနက်ရောင် ဘောလုံးလေးတစ်လုံးဟာ ငြိမ်းပါ။

၂။
နွေဦးဘူတာစာအုပ်ကို ပြီးခဲ့တဲ့ နှစ် ၂၀၁၈ ဝန်းကျင်လောက်မှာ
ကျွန်တော်တို့ ချန့်ချန်စာပေကနေ ထုတ်ဝေဖို့ စီစဉ်ကြတော့
နွေသစ်ငြိမ်းကို ကျွန်တော် စဖတ်ရတယ်။
သူ့ရဲ့ အနက်ရောင် လူငယ်စိတ်ကို ကျွန်တော် မြင်ရတယ်။
ဆရာနေမျိုးရဲ့ အမှာ စာ၊ ဆရာနေမျိုးရဲ့ မျက်နှာဖုံး၊
ကျွန်တော့်ရဲ့ အပြင်အဆင် ဒီဇိုင်းနဲ့ သူ့ရဲ့ အနက်ရောင် လူငယ်စိတ်များ ။
အဲဒီစာအုပ်ထဲမှာ ဆရာနေမျိုးကတော့
ကျွန်တော်တို့ သူ့ကို မျှော်လင့်ကြမည် လို့ ပြောခဲ့ပါတယ်။

၃။
အခု မျက်ရည်ဆိုင် စာအုပ်ဟာ
သူ့ရဲ့ တတိယမြောက် စာအုပ်လေး တစ်အုပ်ပါပဲ။
ဒုံးပေါ် လက်နှစ်ဖက်ချိတ်တင်ပြီး
မျက်နှာဝှက်ထားတဲ့ လူငယ်လေးတစ်ယောက်ပါပဲ။

လူငယ်လေးတစ်ယောက်ရဲ့ မွန်းကျပ်ကြေကွဲခြင်းတွေပါပဲ။

၄။

တစ်ခုခုကို ဘာမှ မတုံ့ပြန်တာထက်စာရင်

တစ်ခုခုကို စာသားတွေနဲ့ တုံ့ပြန်လိုက်တာက ပိုကောင်းပါတယ်လို့

ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

ငြိမ်းဟာ

မျက်ရည်ဆိုင် စာအုပ်လေးနဲ့ တစ်ခုခုကို သူတုံ့ပြန်ခဲ့ပါတယ်။

လူငယ်ဘဝရဲ့ ကြေကွဲထိရှစေတဲ့ အခြေအနေတွေကို သူတုံ့ပြန်ခဲ့ပါတယ်။

၅။

ပျော်ရွှင်နေတဲ့ အခြေအနေတွေထက်

မပျော်မရွှင်ဖြစ်နေတဲ့

မှုန်မှိုင်းအုံ့ပျလွန်းနေတဲ့ အခြေအနေတွေကို

သူရေးထားတာ ဖတ်ရပါလိမ့်မယ်။

၆။

နွေသစ်ငြိမ်းရဲ့ အရေးအသားများကို ဖတ်ရှုလိုကြတဲ့ လူငယ်တွေအ

တွက်

အခု မျက်ရည်ဆိုင် စာအုပ်လေးကို

ကျွန်တော် စီစဉ်ပေးဖြစ်ခဲ့ပါတယ်။

ချစ်ခြင်းဖြင့်

စိုးမင်းအောင်

၈ ဖေဖော်ဝါရီ ၂၀၂၀

*****

အမှာ စာ

လူရယ်လို့ ဖြစ်လာရင်
နာကျင်မှုကို ဖြေဖျောက်ဖို့ မျက်ရည်လိုပါတယ်

မပြီးနိုင်မစီးနိုင်ဘူးလို့ ပဲ ပြောပြော
အပ်ကြောင်းထပ်နေပါပြီလို့ ပဲ ဆိုဆို
မျက်လုံးရှိနေသရွေ့ မျက်ရည်တွေက
ဘယ်အခါမှ သွေ့ခြောက်မသွားပါဘူး

ဘဝဆိုတာကိုက ငိုသံတွေနဲ့ စပြီး
ငိုသံတွေနဲ့ အဆုံးသတ်ရတာမျိုးပဲလေ
ကျွန်တော်တို့ တွေဟာ အရွယ်သုံးပါးမရွေး ငိုရဦးမှာ

အဖေ အမေအတွက်၊ သူငယ်ချင်းအပေါင်းအသင်းအတွက်၊
မြတ်နိုးမှုတွေအတွက်၊ ပိုင်ဆိုင်မှုတွေကို

လက်လွှတ်လိုက်ရတဲ့ အချိန်တိုင်းအတွက်

ကိုယ့်နှလုံးသားကိုယ် ကျန်းမာသန်စွမ်းဖို့

မျက်ရည်တွေကို စျေးလျှော့ရောင်းတဲ့

ဆိုင်လေးတစ်ဆိုင် ဖွင့်ချင်တယ်ဆိုတဲ့ နွေဦးဘူတာထဲက

စာသားလေးအတိုင်းပဲ

မျက်ရည်ဆိုင်လေးတစ်ဆိုင် ကျွန်တော်ကိုယ်တိုင် ဖွင့်ခဲ့ရုံပါပဲ

ဘဝမှာ အစစ အရာရာ လာခြင်းကောင်းကြပါစေ။

ချစ်ခင်စာဖြင့်
နွေသစ်ငြိမ်း

*****

မျက်ရည်ဆိုင် - နွေသစ်ငြိမ်း

ငါခေါ်မှ ထူးတယ်၊ ငါမေးမှ ဖြေတယ်၊ င့ါဘက်က တိတ်ဆိတ်နေရင်

မင်းဘာဝလေးဟာ အေးချမ်းနေရော .....။

စိတ်နာလာတဲ့ တစ်နေ့ တစ်ယောက်တည်း အရက်သောက်မယ်
မင်းဓာတ်ပုံတွေ နံရံမှာ အပြည့်ကပ်ပြီး အပျင်းပြေ ဓားနဲ့ ပေါက်မယ်

F..A..K..E

တစ်စုံတစ်ယောက်ဟာ အနားမှာ အကြာကြီး
နောက်ပြီး နီးတော့မလိုနဲ့ အဝေးမှာ တကယ်ကြီး

ကမ္ဘာကြီး ကျဉ်းလာတာနဲ့ အမျှ မင်းသတင်းတွေလည်း
ငါတစ်ခုမှ မရတော့ဘူး။
ဆံပင်တွေ ဘယ်လောက် ရှည်နေပြီး
မင်းတို့ ခရီး ဘယ်အထိပေါက်နေပြီ ငါ မသိဘူး
မေးစရာလူ မရှိတဲ့ အခါတိုင်း
သိချင်လာတဲ့ မင်းအကြောင်းတွေကို
အင်တာနက်ပေါ်မှာ မွှေနှောက်ရှာတယ်
နောက်ပြီး
မြောက်အရပ်ကို မျက်နှာမူလို့ မျက်ရည်ဝဲတယ်
တိမ်တွေက ပြောတယ်
ခွဲရတာ တကယ်တဲ့ ။

မေးကြည့်ချင်တယ်
အခြားတစ်ယောက်နဲ့ ကိုယ့်ကို တွဲမြင်ရင်
မင်းရင်ထဲမှာ ဘယ်လိုနေမလဲ
အခြားတစ်ယောက်နဲ့ မင်းကို တွဲမြင်ရင်
ကိုယ့်ရင်ထဲမှာ မလွတ်မြောက်ခြင်း ငရဲပါပဲ
မထင်ချင်ပါဘူး
အဆင်ပြေနေတယ်လို့
ဒါပေမဲ့ ... ကွယ်။

ငါ့မှာ ပိုင်ဆိုင်တဲ့ အချိန်နှစ်ခုပဲ ရှိတယ်
မူးနေတဲ့ အချိန်ရယ်၊ ရူးနေတဲ့ အချိန်ရယ်

ကိုယ်က နည်းနည်းတော့ ခက်တယ်
နံရံထဲ မြုပ်ဝင်နေတဲ့ အုတ်ရိုက်သံတစ်ချောင်းလို
တစ်ခုခုဆို စွဲစွဲမြဲမြဲ။
မနက်ခင်းတွေကို အလိုမရှိခဲ့ဘူး
ပွဲတော်ရက်တွေဆို အပြင်မထွက်ချင်ဘူး
ခက်ခက်ခဲခဲ ရှင်သန်နေရတာကိုမှ ပျော်တယ်။

ကိုယ်ဆိုတာ အရာအားလုံးကို စွန့်လွှတ်ပစ်လိုက်ပြီးမှ

တစ်နေရာရာမှာ သွားငိုနေမယ့် လူစားမျိုး ...။

တကယ်ပြတ်ပါပြီလို့ ပြောပြောပြီး တကယ်မပြတ်နိုင်ခဲ့တဲ့ နေ့တွေ အတွက်လည်း ရှက်ခဲ့ရပါတယ်။ ရယ်ပြီး ရှင်းပြလို့ မရတာကို ငိုပြီးလည်း ရှင်းပြဖူးတယ်။ ငိုပြီးတောင် ရှင်းပြလို့ မရတော့တဲ့ အခါ ဘာနဲ့ ရှင်းပြရမလဲ။ သက်ဆိုင်ခဲ့ဖူးကြတယ်ဆိုတဲ့ အတွေးတချို့လောက်နဲ့ တော့ ရင်ထဲမှာ သိမ်းဆည်း မသွားလိုတော့ဘူး။ မင်းက မေ့လိုက်ပြီး ငါကတော့ အမြဲတမ်း အမှတ်ရသွားရမယ်ဆိုတဲ့ မတရားမှုမျိုးနဲ့ ငါ့ကို စွန့်ပစ်ရက်ပါသလား။ လတ်တလောမှာ ဆူဆိုက်ထလုပ်လိုက်ရင်ရော နောက်ဘဝမှာ မင်းကိုစောင့်နေလို့ ရမှာ ငါသေချာရဲ့ လား။ ကြိုးနဲ့ ချည်ပြီး ပစ်လွှတ်ခံရတဲ့ အရာဝတ္ထုလေးတစ်ခုလို မင်းလက်ထဲက ဘယ်တော့မှ မလွတ်မြောက်နိုင်ဘူး ဆိုတာကိုရော မင်းကိုယ်တိုင် မသိတာလား။

ဝေးသွားတာ သေချာပြီဆိုရင် ဘဝကပြီးပြီ။

တစ်နေ့ကျရင် ငါတို့ အတူတူ ခရီးထွက်မယ်

သွားနေတဲ့ ရထားကြီးရဲ့ အထဲမှာ ငါက အိပ်မောကျလို့

နောက်ပြီး မင်းက ငါ့ရင်ခွင်ထဲမှာ အိပ်မောကျလို့

သွားနေတဲ့ ရထားကြီးရဲ့ အထဲမှာ ။

ဥပမာ-

ကိုယ်တို့ အတူတူ နေကြတဲ့ အခါပေါ့

ဥပမာပေါ့ ...။

ကားစီးရင်တောင် ပြတင်းပေါက်ဘေးကိုမှ ရွှေးထိုင်ခဲ့ဖူးတာပဲ
ငှက်ကလေးတွေတောင် လွတ်လပ်ကြသေးတယ်လို့ တွေးမိပေမယ့်
မင်းကိုတော့ အပြစ်မမြင်တော့ဘူး
စိတ်ရှည်ရှည်ထားမှ ဆက်သွားလို့ ရမယ့်
ဆက်ဆံရေးတွေဆီမယ် နေမပျော်တော့ဘူး
ရုပ်သေး ရုပ်လေးတွေ ဝယ်ထားပေးခဲ့မယ်လေ
အာလူးကြော်ထုပ်လေးတွေ ဖောက်စားနေပေါ့
မြင်နေကျ ကိုယ့်ရဲ့ ပုံစံအတိုင်း
တစ်ကိုယ်တည်း နေ့ရက်တွေ ကိုယ့်ဆီမှာ ပြန်ထားခဲ့ပြီး
မြင်နေကျ မင်းရဲ့ ပုံစံအတိုင်း
ကိုယ့်ရဲ့ အဝေးမှာ ဘယ်သူနဲ့ ဖြစ်ဖြစ် မင်းနေပါ။

ဘယ်တော့မှ ပြည့်လာမှာ မဟုတ်တဲ့ ဆုတစ်ခုတည်းကိုပဲ
ဘုရားရှေ့မှာ လက်ဝါးဖြန့် ဝတ်ပြုခဲ့တာပါ
ယောင်ယမ်းဖမ်းဆုပ်မိတဲ့ လေထုက
မင်းလက်မဟုတ်မှန်းလည်း သိတဲ့ အခါ
စောင့်နေသူမရှိတဲ့ မနက်တွေမှာ နိုးထလာရတယ်ဆိုတာလည်း

အဓိပ္ပာယ်မဲ့တာပဲ မဟုတ်လား။

အဆင်မပြေခဲ့သမျှတွေကို သေသေချာချာ စုထားပြီး

တစ်နေရာရာမှာ

တစ်ရက်လောက်တော့ သွားငိုဦးမယ်

တစ်ခါတလေမှ မက်ဖြစ်တဲ့

အိပ်မက်တွေမှာ မင်းနာမည် ယောင်လို့ တောင် မပါတော့ဘူး။

တစ်ချိန်က လျှောက်ဖူးခဲ့သမျှလမ်းတွေ

ငါတစ်ယောက်တည်း ခေါင်းမော့ ဖြတ်သန်းရဲခဲ့ပြီးပြီ။

မင်းရှိနေခြင်းနဲ့ မင်းမရှိနေခြင်းကြားမှာ အထူးတလည်

ခံစားသက်ဝင်မှုတွေ စိုးစိမ့

စိတ်ဝယ်ကိုင်ဆောင် မထားတော့ကြောင်း။

ဒီမတရားမှုကြီးထဲမှာ မင်းအပြုအမူ အစစအရာရာကို ကွင်းလုံးကျွတ်

ဖြေလျှော့လွှတ်လိုက်ကြောင်း။

ငါဒီတစ်ခါ လွတ်မြောက်ဖို့ မင်းကို အခါခါ လွတ်မြောက်ပါစေလို့ ပြုမိတဲ့

ဆုတောင်းတွေအကြောင်း။

ငါ့အတွက် မင်းဟာ အသက်ကို အန္တရာယ်ပြုမယ့်
ထောင်ချောက်ဖြစ်လာတယ်
ခံစားရလည်း ငါ့ထိုက်နဲ့ ငါ့ကံဆိုတဲ့ စိတ်နဲ့၊

ကိုယ်က သနားစရာသိပ်ကောင်းတာ မင်းသိလား
မူးလာတဲ့ အခါတိုင်း ရစ်စရာလူမရှိဘူး
မွန်းကျပ်လာတဲ့ အချိန်တိုင်း ရင်ဖွင့်စရာ နားမရှိဘူး
ဖုန်းခေါ်ချင်တဲ့ အခါတိုင်း ဆက်စရာ နံပါတ်မရှိဘူး
လွတ်မြောက်ချင်တဲ့ အချိန်တိုင်း ပျံစရာ တောင်ပံမရှိဘူး
သေဆုံးချင်တဲ့ အခါ ပျက်ကျစရာ ကွင်းပြင်မရှိဘူး။

တတ်နိုင်သမျှ ဘောင်ထဲကနေ မင်းကိုချစ်မယ်
မျှော်လင့်နိုင်သမျှ နေရာတစ်ခုကနေ စည်းနဲ့ ကမ်းနဲ့ မင်းကိုလွမ်းမယ်
ကိုယ့်ဆန္ဒအပေါ် ဘယ်တုန်းကမှ မပျော်ဝင်ခဲ့ဘူး ဆိုတော့လည်း
အဲဒါ မင်းရဲ့ အခွင့်အရေးပါပဲ
သီချင်းတွေထဲမှာ လိုပေါ့ ရုပ်ရှင်တွေထဲက အတိုင်းပဲ
ချစ်တိုင်းသာ ညားကြစတမ်းဆိုရင်
ကမ္ဘာကြီးက ဘယ်လိုလှပတော့မှာ လဲ

သဘာဝကျကျ ဝေးကွာခြင်းဆိုတာ
တချို့အချိန်၊ တချို့နေရာ၊
တချို့သော ကိုယ်လို လူသားတွေအတွက်
သိပ်ပျော်စရာကောင်းပါတယ်။

သေလုမျောပါးဖြစ်အောင် လုပ်သွားဖူးတဲ့ လူတွေကိုတောင်
တခြားတစ်ယောက်က ဝေဖန်နေရင်
ဆတ်ဆတ်ထိမခံ ကာကွယ်နေမိအောင်
ငါတို့ က သောက်သုံးမကျခဲ့တာ

သေလောက်အောင်မူးပြီး
လက်ထိုးအန်နေရတဲ့ အခြေအနေမှာ
ကျောကို လာနှိပ်ပေးမယ့် လူမျိုးကိုပဲ
ကျွန်တော် အလိုရှိပါတယ်။

မူးနေတာကိုပဲ ခင်ဗျားက မြင်တယ်
ဘာကြောင့် အရက်တွေ သောက်နေလဲလို့
ခင်ဗျား တစ်ခါမှ မမေးဖူးဘူး။

ကိုယ်မရှိလည်း စောက်ဂရုမစိုက်ပါဘူး ဆိုတဲ့
လူဆီမှာ မှ ကိုယ်ကရှိနေရတာမျိုး

လမ်းထိပ်မှာ လာကြိုနေကျ ခွေးကလေးက
သူ့အတွက် ပေါင်မုန့်ပါသလားဆိုတဲ့ မျှော်လင့်ချက် မျက်လုံးမျိုးနဲ့
ကိုယ့်ကို တိုးဝှေ့ရင်း မော့ကြည့်တယ်
ကိုယ်က ခေါင်းခါပြလိုက်တော့
တစ်နေရာမှာ သွားခွေပြီး အိပ်နေတယ်လေ
ကိုယ်လည်း မျှော်လင့်ခဲ့ဖူးပါတယ်
အဲဒီလို မျက်လုံးမျိုးတွေနဲ့
အဲဒီလိုတောင် တိုးဝှေ့လို့ မရတော့တဲ့ ဆုံးရှုံးမှုတွေနဲ့
ပေါင်မုန့်တစ်လုံးထက် ပိုတဲ့ အိပ်မက်များ စွာနဲ့
တစ်နေရာရာမှာ သွားအိပ်နေလို့ တောင် မရတော့တဲ့
ပူလောင်ခြင်း အတွေးတွေနဲ့
တကယ်တော့ ကိုယ်လည်း ဘာတတ်နိုင်ခဲ့လို့ လဲ
ငြင်းဆန်ခံရတဲ့ အခါမျှော်လင့်ချက်တွေကသာ အဖတ်တင်ကျန်ခဲ့ရတဲ့
ခွေးကလေးက ကိုယ်ပါ။

မျှော်လင့်စိတ်မပါဘဲ ပေးခဲ့တယ်
လိုချင်စိတ်မရှိဘဲ ယူသွားတယ်
ဒီရုပ်ရှင်ထဲမှာ ငါတို့ ဘာမှ ဆက်မဖြစ်ခဲ့။

စိတ်ဓာတ်ကျနေတဲ့ အချိန်တွေတိုင်းမှာ
အားအင်တစ်ခုအဖြစ် ရှိပေးချင်ရုံကလွဲလို့
ကိုယ်ဘာမှ မမျှော်လင့်ခဲ့
ယုံသည် ဖြစ်စေ မယုံသည် ဖြစ်စေ
ဘာဆိုဘာမှ ကိုယ်မမျှော်လင့်ခဲ့။

ဘဝက ရယ်တော့ ရယ်ရတယ်
ဒါပေမဲ့ မျက်ရည်တွေနဲ့ ...။

မဖြစ်နိုင်တာတွေပေါ့ တစ်နေ့နေ့တော့
ငါတို့ အတူတူ ရှိသွားကြဖို့ ဆိုတာလေ။

မပျော်ရွှင်ကြတာချင်း အတူတူ
နင်ကသာတယ်၊ ငါက နာတယ်ဆိုပြီး
ဒဏ်ရာတွေကို မတိုင်းတာ တတ်သူတွေနဲ့ ပဲ

အချိန်ရသလောက် ရှေ့ဆက် သိကျွမ်းသွားချင်ပါတော့တယ်
နောက်ထပ် လက်တစ်ဖက် ထပ်ရလည်း
ဘယ်သူက ပိုနွေးထွေးပါတယ်ဆိုပြီး
ဘယ်အချိန်မှာ မှ ပစ်မချခဲ့မယ့် လူမျိုး။။

ကိုယ် အဆင်မပြေခဲ့တဲ့ အကြောင်း
မင်း အဆင်ပြေတဲ့ နေ့မှ အေးအေးဆေးဆေး ပြောပြဦးမယ်

သတိရပါတယ်ဆိုတဲ့ သဲလွန်စလေးတောင် မရဖို့
ကိုယ် သူ့ကို
တစ်နည်းနည်းနဲ့ တော့ မျက်ခြည်ဖြတ်ရမယ်။

စကားနည်းနည်းပဲ ပြောမယ်၊ သတိများများ ရမယ်၊
နှုတ်မဆက်ဖြစ်ဖို့ ပိုကြိုးစားမယ်၊ လိုအပ်တဲ့ အခါ ခေါ်ပါ

ဝေးသွားတာက ကိစ္စမရှိဘူး
စိတ်ထဲမှာ ကျန်ခဲ့တာက စောက်ပြဿနာ
What The Fuck !

သူတစ်ပါး ရုပ်ရှင်ထဲ ဝင်ရှုပ်ခဲ့မိတဲ့
ငါးမိနစ်စာ ကြော်ငြာလေးတွေလိုပဲ
ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာတိုင်း
ငါတို့ မှာ ကျော်ခံရ ရစ်ခံရ အော်ခံရ ပစ်ခံရ

စောက်ရူးတွေကို ချစ်ခြင်းမေတ္တာအကြောင်း
ဘယ်တော့မှ ရှင်းပြလို့ မရ

ဘယ်တော့မှ သတိမရဘူးဆိုတာလည်း သိတယ်
ကိုယ်က အမေ့ခံ လူတန်းစားပဲ မဟုတ်လား။

ပိုင်ဆိုင်ဖူးသော အနည်းအကျဉ်းလေးတွေကအစ
တစ်စထက်တစ်စ ဆုံးရှုံးမှုပိုလာတဲ့ အခါ
ရှင်သန်နေရခြင်းအပေါ် တွေဝေနေမိတော့တာပဲ။
ကျွန်တော် မပျော်ဘူးသိလား။
(ကျေးဇူးပြုပြီး မယုံပါနဲ့ မျက်ရည်ချူတာပါ)

***

***